ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (9-2-2007) (၅၂၂၈)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွင်း ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက်နေထိုင်လာခဲ့ကြသည်

ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှု၊ အပြန်အလှန် အမှီသဟဲပြုမှု၊ သည်းခံခွင့်လွှတ်မှု၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဟူသော မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် သုခ၊ ဒုက္ခ ဟူသမျှကို မျှဝေခံစားရင်း ပေါင်းစည်းရောယှက် နေထိုင်လာခဲ့ကြသည်မှာ သမိုင်းဦးအစကာလမှသည် ယနေ့ထက်တိုင်ပင်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နေပြည်တော်၌ တည်ထားမည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီအခမ်းအနားသို့ တက်ရောက်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် အဆိုပါ စေတီတော်တည်ထားမည့် ကုန်းတော်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက် ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများနှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❊

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၂-၂၀၀၇
(သောကြာနေ့)

ပြည်ထောင်စု၏ ထူးခြားသောဝိသေသဂုဏ်ရည် ထာဝစဉ် မြတ်နိုးတန်ဖိုးထား ထိန်းသိမ်း

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ဘေးဘိုးစဉ်ဆက် ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများအား ဆက်လက်ထိန်းသိမ်းမြှင့်တင်ရေးသည် မျက်မှောက်ခေတ်နိုင်ငံသူ၊ နိုင်ငံသားများ ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုများသည် မှီတင်းနေထိုင်ရာ နေရာဒေသအလိုက် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန် ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်တွင် အခြေပြုထားသဖြင့် အညာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများသာဖြစ်ကြသည်။

တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုး သို့မဟုတ် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းတစ်ရပ်ရပ်ကိုမျှ သီးသီးသန့်သန့် ပိုင်းခြား၍ မရနိုင်ပေ။ ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး ညီညီညွတ်ညွတ် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှသာ ပြီးပြည့်စုံသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်သည်။ ယင်းသည်ပင် ပြည်ထောင်စုကြီး၏ ထူးခြားသော ဝိသေသဂုဏ်ရည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် အမျိုးသားရေးမူဝါဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာစေရန် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့က တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားစေရန် လုပ်ကြံဖန်တီးမှုများဖြင့် လူမျိုးရေးသွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေကြသည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးလာသည့် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးကြရမည်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲမှသာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာနိုင်မည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုကြီး၏ ထူးခြားသော ဝိသေသဂုဏ်ရည်များကို ထာဝစဉ်တန်ဖိုးထားထိန်းသိမ်းရင်း ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေစည်မှု အမွန်အမြတ်တရားများနှင့်အညီ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ညီညာဖြိုဖြို ကာကွယ်ထိန်းသိမ်းသွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

ကွယ်လွန်သူဦးဝမ်လှိုင်(ခ) ဦးကျော်ညွန့်အား ရည်စူး၍ ရန်ကုန်မြို့ လသာမြို့နယ် ၁၈ လမ်းနေ ဒေါ်မြရှိန်နှင့် သားသမီးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိုးချဲ့တိပိဋကကျောင်းတော်ကြီး အတွက် ငွေကျပ် ၁၀ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှည်းကူးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန လေ့လျှော်အင်း မွေးမြူရေးစခန်း ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး သွားရောက်စစ်ဆေး

မွေးမြူရေးစခန်း ကြည့်ရှုစစ်ဆေး

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လေ့လျှော်အင်း မွေးမြူရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီတွင် အကျဉ်းဦးစီးဌာနအောက်ရှိ လေ့လျှော်အင်း မွေးမြူရေးစခန်းသို့ သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် လေ့လျှော်အင်း မွေးမြူရေးစခန်း၌ မွေးမြူထားသော ဝက်မွေးမြူရေးလုပ်ငန်း၊ ကြက်မွေးမြူရေးလုပ်ငန်း၊ ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးကာ စခန်းတာဝန်ခံအား နို့စားနွားများ တိုးချဲ့မွေးမြူသွားရန်၊ အလေအလွင့်အဆုံးအရှုံးမရှိစေရေးနှင့်မိသားစုများ တစ်အိမ်ထောင်ဝက်တစ်ကောင် အခမဲ့ထောက်ပံ့မွေးမြူသွားရန်နှင့် အိမ်ခြံစည်းရိုးများ၌ ကြက်ဆူပင်များ စိုက်ပျိုးသွားရန်၊ ငရုတ်ကောင်းပင်များကို စီးပွားဖြစ်ပိုမိုစိုက်ပျိုးသွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဝက်မွေးမြူရေးစခန်းမှ ဆောင်ရွက်လျက်ရှိသည့် ဇီဝဓာတ်ငွေ့ဖြင့် စခန်းကို လျှပ်စစ်ဓာတ်အားပေးဆောင်ရွက်နေမှုနှင့် ရွှေဂုံမြင့် သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင် နို့ချက်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ရွှေထီးတော်တင် မင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်တောင်သူကုန်းရပ်ကွက် ဘိုကုန်းဇေယျသိဒ္ဓိ(မဟာသုံသာရဘုရား)ကျောင်းတိုက်အတွင်း မဟာသုံသာရဆရာတော် ပဌမကျော်၊ ဓမ္မာစရိယ၊ ဘီအက်စ်စီ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ ကြီးမှူးတည်ထားသည့် ဥပ္ပာတသန္တိစေတီတော် ရွှေထီးတော်တင်မင်္ဂလာ၊ ဗုဒ္ဓါဘိသေကနေကဇာတင် မင်္ဂလာနှင့် ပင့်သံဃာ ၄၅ ပါးတို့ကို သံဃဒါနဆွမ်းကြီးလောင်းလှူပွဲကို အဆိုပါကျောင်းတိုက်အတွင်း ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ စေတနာရှင်များ နံနက် ၈ နာရီခွဲအရောက် ကြွရောက်ကြည်ညိုကြပါရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ကမ္ဘာ့ဘေးဒုက္ခအစီရင်ခံစာ– ၂၀၀၆နှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ဘေးဒုက္ခအစီရင်ခံစာ-၂၀၀၆ (World Disasters Report -2006)နှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Bridget Gardner

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ပူးပေါင်း ကျင်းပသော ကမ္ဘာ့ဘေးဒုက္ခ အစီရင်ခံစာ– ၂၀၀၆နှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲတွင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Bridget Gardner အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်နှင့် တိုင်းများမှ ကြက်ခြေနီကြီးကြပ်မှု ဗဟိုကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Bridget Gardner က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းညှိနှိုင်းရေးမှူး Mr. Ervin Blau က ကမ္ဘာ့ဘေးဒုက္ခ အစီရင်ခံစာ-၂၀၀၆ ကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

အဆိုပါ ကမ္ဘာ့ဘေးဒုက္ခ အစီရင်ခံစာ-၂၀၀၆ ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းက ၂၀၀၆ခုနှစ်အတွင်း ကမ္ဘာ့အရပ်ရပ်၌ ဖြစ်ပွားခဲ့သော ကမ္ဘာ့ဘေးဒုက္ခဆိုင်ရာ ဥပေက္ခာပြုထားသည့် အကျပ်အတည်းပြဿနာများအပေါ် အာရုံစိုက်လေ့လာမှုများကို အခန်း (၇)ခန်းခွဲ၍ လေ့လာတင်ပြထားကြောင်း သိရသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိတ္ထီလာတပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး လမ်းများ အောက်ခံမြေ အမာထည်ရရှိအောင်ဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း လင်းစင်ကုန်းစခန်းသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရှေးဦးစွာ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် လမ်းအူကြောင်း ဖောက်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရထားလမ်းသစ်ကို ယခုစတင်ဖောက်လုပ်စဉ် ကတည်းကပင် လမ်းများ အောက်ခံမြေ အမာထည်ရရှိအောင် ဆောင်ရွက်သွားကြရန်နှင့် ရထားလမ်းဘေး ဝဲယာ၌ ရေမြောင်းများ စနစ်တကျ စီမံဆောင်ရွက်သွားရေး မှာကြားသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ်ရေးလုပ်ငန်းတွင် ဆောင်ရွက်ရမည့် မြေကြီးလုပ်ငန်းများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ဘလောက်ဘူတာ တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ကို ပျဉ်းမနား-သာစည် ရထားလမ်းပေါ်ရှိ ပျော်ဘွယ်ဘူတာမှ စတင်လမ်းခွဲ၍ သာစည်မြို့ကို ဝင်ရောက်ဖြတ်သန်းခြင်း မပြုဘဲ သာစည်-ရွှေညောင် မီးရထားလမ်းပိုင်းပေါ်ရှိ ဘုရားငါးဆူဘူတာသို့ ဆက်သွယ်ရန် ဖြတ်လမ်းအဖြစ် ဖောက်လုပ်နေခြင်း ဖြစ်သည်။

ပျော်ဘွယ်-သာစည်-ဘုရားငါးဆူ ရထားလမ်း၏ လက်ရှိ ရထားလမ်းအရှည်မှာ ၃၁ ဒသမ ၇၅ မိုင်ရှိပြီး ယခုဖောက်လုပ်မည့် ရထားလမ်းသစ်မှာ ၁၆ ဒသမ ၁၉ မိုင်သာရှိသဖြင့် ခရီး မိုင် ၁၅ ဒသမ ၅၆ မိုင် လျော့နည်းသက်သာသွား၍ မူလခရီး၏ တစ်ဝက်ခန့် တိုတောင်းသွားပြီး နေပြည်တော်မှ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ သာစည်မြို့ထိ ပတ်သွားရန် မလိုတော့ဘဲ အမြန်ဆုံး တိုက်ရိုက်ရောက်ရှိသွားမည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုရားငါးဆူ-ပျော်ဘွယ် ကားလမ်းမှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် မိတ္ထီလာမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၉နာရီတွင် မိတ္ထီလာတပ်နယ်အတွင်းရှိ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးတို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိတ္ထီလာမြို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ဌေး လိုက်ပါလျက် မိတ္ထီလာတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို လည်းကောင်း၊ ရမည်းသင်းမြို့ နယ်မြေခံတပ်ရင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ညနေ ၄ နာရီတွင် တပ်ကုန်းမြို့ နယ်မြေခံတပ်ရင်း ရဲမင်းအောင်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၈

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်းသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် အမှတ်(၇) တည်းခိုရေးစခန်းသို့ ညနေ ၃ နာရီတွင် ရောက်ရှိလာရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များက ကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ပြည်နယ်နှင့်တိုင်း အသီးသီးမှ တက်ရောက်လာကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ညနေပိုင်းတွင် အမှတ်(၇) တည်းခိုရေးစခန်းမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဘွဲ့ခံပုဂ္ဂိုလ်များ ဖိတ်စာများထုတ်ယူနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၈

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ မတ်လ ၂ ရက် (သောကြာနေ့)တွင် ကျင်းပမည့် ၂၀၀၇ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ဆက်ကပ်ပွဲသို့ တက်ရောက်ရန်၊ သာသနာ့နုဂ္ဂဟဘွဲ့တံဆိပ်တော်များကို လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အတွင်း ဖိတ်စာများကို ရန်ကုန်မြို့ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်းထံ လူကိုယ်တိုင်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့်ဖြစ်စေ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျုံမငေးအသင်း အစည်းအဝေးရက်ရွှေ့

ရန်ကုန် ဖေဖော်ဝါရီ ၈

ကျုံမငေးအသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၆ရက်တွင် ကျင်းပရန်ဖြစ်သော်လည်း မကျင်းပဖြစ်သဖြင့် ရက်ရွှေ့လိုက်ကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံအသိပေး အကြောင်းကြားမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဟင်္သာတ အထက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

ဟင်္သာတ အထက(၂)မှ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ကျောင်းသူဟောင်းများက ၁၉၆၆ခုနှစ်မှစတင်၍ ဆရာကန်တော့ပွဲကို နှစ်စဉ်မပျက် ကျင်းပခဲ့ရာ နှောင်နှစ်များတွင်လည်း ခမ်းနားထည်ဝါစွာ နှစ်စဉ်ဆက်လက် ကျင်းပသွားနိုင်ရေးအတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဗိုလ်တထောင်မြို့နယ် ၄၅ လမ်း ဟင်္သာတအသင်းခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသည့် အလှူရှင်များ ဖုန်း- ၀၁-၂၀၁၁၁၄ (ဟင်္သာတအသင်း) ဒေါ်ခင်လှကြင်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ဂုဏ်ပြုပွဲသို့ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

စပိန်၌ နေတိုးဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြ အမေရိကန်စစ်စခန်းများ ဖယ်ရှားရေးတောင်းဆို

မဒရစ် ဖေဖော်ဝါရီ ၈

စပိန်နိုင်ငံ အနောက်တောင်ပိုင်း ဆီးဗီးလ်မြို့၌ ပြည်သူ အင်အား ၄၀၀၀မှ ၅၀၀၀ သည် မကြာမီကျင်းပမည့် နေတိုးအဖွဲ့အစည်းအဝေးကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ဒေသဆိုင်ရာသတင်းဌာနသို့ ပြောကြားသည်။

စီစဉ်

ယင်းကန့်ကွက်ဆန္ဒပြပွဲကို ဆီးဗီးလ်လူမှုရေးဖိုရမ်က စီစဉ်ခဲ့သည်။ ကန့်ကွက်ဆန္ဒပြသူများသည် ဆီးဗီးလ်မြို့သို့ ချီတက်သွားပြီး အန်ဒါလူစီယာ ပါလီမန်အဆောက်အအုံ အပြင်ဘက်တွင် စုဝေးနေရာယူကြသည်။

စပိန်နိုင်ငံမှ အမေရိကန် စစ်အခြေစိုက်စခန်းများ ဖယ်ရှားရေးနှင့် အာဖဂန်နစ္စတန်ကဲ့သို့သော နိုင်ငံများမှ စပိန်တပ်ဖွဲ့များရုပ်သိမ်းရေးကို ဆန္ဒပြသူများက တောင်းဆိုခဲ့ကြကြောင်း ဖိုရမ်ပြောရေးဆိုခွင့်ရှိသူ ဂျီးဇတ်လာရာက ပြောကြားသည်။ ချီတက်ဆန္ဒပြသူများက "နေတိုး အလိုမရှိ"၊ "နေတိုးလုပ်ရပ်ကျဆုံးရမည်" ဟု အော်ဟစ်ကြွေးကြော်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

သတ်မှတ်

အဆိုပါ ကန့်ကွက်ဆန္ဒပြသူများ၏ ဒုတိယအကြိမ် ချီတက်ဆန္ဒပြပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပရန် သတ်မှတ်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့်ကားများကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဇင်ဘာဘွေရုပ်ရှင်ကား ရုပ်ရှင်ပွဲတော်တွင် အမည်စာရင်းတင်သွင်းခံရ

ဟာရာရေး ဖေဖော်ဝါရီ ၈

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ကျင်းပမည့် အာဖရိကရုပ်ရှင်ပွဲတော်၌ ဇင်ဘာဘွေနိုင်ငံက ရိုက်ကူးသော ပမ်ဗူရာ အမည်ရှိရုပ်ရှင်ကို ၂၀၀၇ခုနှစ်အတွက် အကောင်းဆုံး ရိုက်ချက်ဆု ချီးမြှင့်ရန် အမည်စာရင်း တင်သွင်းထားကြောင်း ဟာဒယ်လ် သတင်းစာက ရေးသားသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပမ်ဗူရာဟူသော ဝေါဟာရမှာ ရေ ဟူ၍ အနက်ရသည်။ မြစ်ဆိပ်တွင် အဝတ်လျှော်နေရာမှ ကလေး ပျောက်ဆုံးသွားသော မိခင် နတ်ဆီဆိုသည့် အမျိုးသမီးအကြောင်းကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော ရုပ်ရှင်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အန္တာတိတ်ဒေသ ဒီဆက်ပ်ရှင်ကျွန်းအနီး စက်ချွတ်ယွင်းနေသော အမ် အက်စ် နော့ဒီကပ် အပျော်စီးသင်္ဘောကြီးကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဗီယက်နမ် သကြားထုတ်လုပ်မှု ယခုနှစ်တွင် ပိုမိုတိုးတက်လာနိုင်

ဟနွိုင်း ဖေဖော်ဝါရီ ၈

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်တွင် သကြား ထုတ်လုပ်မှု ပိုမိုတိုးတက်လာနိုင်သဖြင့် ပြည်ပမှ သကြားဝယ်ယူတင်သွင်းမည်မဟုတ်ဟု မျှော်လင့်ရကြောင်း ဗီယက်နမ် ကြံစိုက်ပျိုးထုတ်လုပ်သူများ အသင်းက အင်္ဂါနေ့တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် လက်ရှိကြံစိုက်ပျိုးရေးရာသီတွင် သကြားတန်ချိန် ၁ ဒသမ ၃ သန်းခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းကြောင်း အဆိုပါအသင်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံရှိ သိုလှောင်ရုံများတွင် သကြားတန်ချိန် ၁၀၀၀၀၀ ကျော် သိုလှောင်ထားရှိကြောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ် ကြံစိုက်ပျိုးရေး ရာသီအတွင်း သကြားဝယ်လိုအားမှာ တန်ချိန် ၁ ဒသမ ၃ သန်းရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ် ပထမ နှစ်ငါးနှစ်တာ ကာလအတွင်း သကြားတန်ချိန် ၈၀၀၀၀ ခန့် တင်သွင်းခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နက်စ်တယ်လ်ကုမ္ပဏီက တရုတ်မြောက်ပိုင်း၌ တိရစ္ဆာန်အစာထုတ်လုပ်မည်

တီယန်ကျင်း ဖေဖော်ဝါရီ ၈

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် နက်စ်တယ်လ်ကုမ္ပဏီသည် တရုတ်နိုင်ငံ မြောက်ပိုင်း တီယန်ကျင်း စည်ပင်သာယာရေးနယ်နိမိတ်၌ အိမ်မွေး တိရစ္ဆာန်အစာစက်ရုံကို သောကြာနေ့တွင် စတင်ဖွင့်လှစ်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

နက်စ်တယ်လ်ကုမ္ပဏီသည် ယင်းစက်ရုံ၌ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၆ သန်း ရင်းနှီးမြှုပ်နှံထားသည်။ စက်ရုံ၏ နှစ်စဉ်ထုတ်လုပ်မှု စွမ်းရည်မှာ တန် ၂၀၀၀၀ ရှိသည်။ ယင်းမှာ တရုတ်နိုင်ငံ၌ နက်စ်တယ်လ်၏ ပထမဆုံး အိမ်မွေးတိရစ္ဆာန် အစာစက်ရုံလည်း ဖြစ်သည်။

တီယန်ကျင်းဒေသမှ ဝယ်ယူရရှိသည့် ပဲတောင့်၊ ပြောင်းဖူးစေ့နှင့် ဂျုံ အပါအဝင် ကုန်ကြမ်းပစ္စည်းများကို စက်ရုံအတွက် အသုံးပြုမည်ဖြစ်သည်။ စက်ရုံထွက်ပစ္စည်းများကို ကုန်ပဒေသာ တိုက်များ၊ အိမ်မွေးတိရစ္ဆာန် ရောဂါကုဆေးခန်းများနှင့် အိမ်မွေးတိရစ္ဆာန် အရောင်းဆိုင်များတွင် ရောင်းချမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆီးရီးယားနှင့်အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်မည်

ဒမတ်စကတ် ဖေဖော်ဝါရီ ၈

ဆီးရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူစာချုပ်တစ်ရပ်ကို တနင်္ဂနွေနေ့တွင် လက်မှတ်ရေးထိုးလိုက်ကြကြောင်း နိုင်ငံပိုင်အက်စ်အေအင်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ သဘောတူစာချုပ်ကို ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မူလမ်နှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရာဂျူဒါတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ပူးတွဲကော်မတီတစ်ရပ် တည်ထောင်ရန် နှစ်နိုင်ငံက နားလည်မှု စာချွန်လွှာတစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆမ်မာရာမြို့ စစ်ဆေးရေးဂိတ်၌တိုက်ခိုက် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံး

ဆမ်မာရာ ဖေဖော်ဝါရီ ၈

အီရတ်နိုင်ငံ ဆမ်မာရာမြို့ပြင်ရှိ လုံခြုံရေးဆိုင်ရာ စစ်ဆေးရေးဂိတ်နှစ်ခုတွင် စနေနေ့က စီးနင်းတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ဦးသေဆုံးပြီး အခြားလူကိုးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်နယ် ရဲသတင်းရပ်ကွက်က ပြောကြားသည်။ ၎င်းသေနတ်သမားများက ဆမ်မာရာမြို့အဝင် ရဲစစ်ဆေးရေးဂိတ်ကိုတိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး လူခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆာလာဟူဒင် ပြည်နယ်ရဲသတင်းရပ်ကွက်က ပြောကြားသည်။

တစ်ချိန်တည်းမှာပင် သေနတ်ကိုင်အုပ်စုတစ်စုက ဆမ်မာရာမြို့အဝင်ရှိ အီရတ်တပ်ဖွဲ့ စစ်ဆေးရေးဂိတ်ကို တိုက်ခိုက်ခဲ့ပြီး တပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်တိုက်ခိုက်ကြရာ တပ်ဖွဲ့ဝင်လေးဦး သေဆုံးကာ အခြားလူ သုံးဦးဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဝက်နှစ်အထိမ်းအမှတ် နှစ်သစ်ကူးပွဲတော် အခမ်းအနားအတွက် ပြင်ဆင်ထားသည်ကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိန်ရှိမွေးမြူရေးခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိ

ဟော်လ်တန်(အင်္ဂလန်) ဖေဖော်ဝါရီ ၈

ဗြိတိန်နိုင်ငံ မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးကို ပထမဆုံးအကြိမ် တွေ့ရှိခဲ့ရပြီးနောက် ယင်းရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြက်ဆင်ကောင်ရေ ၁၆၀၀၀၀ အထိကို သုတ်သင်ရှင်းလင်းလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

အင်္ဂလန်အရှေ့ပိုင်းဟော်လ်တန်မြို့ရှိ မွေးမြူရေးခြံတစ်ခြံတွင် H_5N_1 ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည်။ အဆိုပါ မွေးမြူရေးခြံကို ဥရောပ၌ ကြက်ဆင်သားထုတ်လုပ်သည့် ထိပ်တန်းကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သည်။

ထိုစဉ်အတွင်း အစိုးရအဖွဲ့အောက်ရှိ အရေးပေါ် စီမံခန့်ခွဲရေးကော်မတီက ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအစီအစဉ်များကို ရေးဆွဲလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

* ကျောဖုံးမှ

အဆိုပါ သဘောထားကြေညာချက်များအနက် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်လူငယ်များ (ဘာသာရေး)အဖွဲ့ မ-မ-လဌာနချုပ်၏ သဘောထားထုတ်ပြန်ချက်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ဌာနချုပ်၏ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့ မ-မ-လ ဌာနချုပ်၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် မူကြမ်းတင်သွင်းခဲ့သော်လည်း လုံခြုံရေးကောင်စီ၌ ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့ပါသည်။ ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သော လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နှစ်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ ဖြစ်ကြပါသည်။ ထို့ပြင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးမှလည်း အနောက်နိုင်ငံကြီးများ၏ ဆောင်ရွက်ချက်ကို ကန့်ကွက်ခဲ့သည်ဟု သိရှိရပါသည်။

ထိုကဲ့သို့ အနောက်နိုင်ငံကြီးများ၏ မြန်မာနိုင်ငံအတွင်း ဝင်ရောက်စွက်ဖက်မှုအဆို ရှုံးနိမ့်ခဲ့ပြီး နောက်တစ်ဖန် Christian Solidarity Worldwide (CSW) အဖွဲ့မှ ၂၃-၁-၂၀၀၇နေ့၌ မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်မရှိကြောင်း စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ ဗြိတိသျှ ပါလီမန်အမတ်တစ်ဦးဖြစ်သူ Stephen Crabb မှဦးဆောင်၍ မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်မရှိကြောင်းနှင့် (CSW)စာတမ်းကို ကုလသမဂ္ဂသို့ အမြန်ဆုံး စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ပေးပါရန် တင်သွင်းတောင်းဆိုခဲ့ပါသည်။

ဤကိစ္စများသည် ရှင်းရှင်းကြီးဖြစ်ပါသည်။ အနောက်နိုင်ငံကြီးများမှ မြန်မာနိုင်ငံအပေါ် မိမိတို့ဩဇာမသက်ရောက်သည်ကို ဩဇာသက်ရောက်စေရန် ဖိအားအမျိုးမျိုးပေးနေခြင်းသာဖြစ်ပါသည်။ လူကြီးမင်းတို့စွပ်စွဲထားသလိုမျိုး မြန်မာနိုင်ငံအစိုးရသည် မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ရန်စ သိမ်းပိုက်ကျွန်ပြုခြင်းများမရှိ၍ ဖက်ဆစ်အစိုးရဟု ခေါ်ဆို၍ မရပါ။ ထို့ပြင် ဟစ်တလာနာဇီကဲ့သို့ လူမျိုးတုံးသတ်ဖြတ်မှုမျိုးမရှိ၍လည်း နာဇီအစိုးရလို့ သတ်မှတ်၍ မရပါ။ လူကြီးမင်းများအနေဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အရှေ့ယဉ်ကျေးမှုများကို နားလည်အောင် လေ့လာသင့်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်မှစ၍ အထက်တန်းအုပ်ချုပ်ရေးရာထူးနေရာများတွင် ဘာသာစုံ၊ ပုဂ္ဂိုလ်စုံ ပါဝင်ခဲ့ကြပါသည်။ တစ်ဦး၏ သာရေး၊ နာရေးကိစ္စများတွင် တစ်ဦးက ကူညီခဲ့ကြပါသည်။ ထိုကဲ့သို့ ချစ်စရာကောင်းသည့် ဓလေ့စရိုက်ကို မြန်မာနိုင်ငံတွင် မြောက်မြားစွာရှိပါသည်။ ဘာသာဝင်အချင်းချင်း သွေးကွဲစေမည့်လုပ်ရပ်များကို ရပ်တန့်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဘာသာရေးကိစ္စဟူသည် အလွန်သိမ်မွေ့နူးညံ့ပါသည်။ မေတ္တာတရားကို အခြေခံပါသည်။ ထို့ကြောင့် ဘာသာရေးကို နိုင်ငံရေးအရောင်မဆိုးကြပါရန် ထပ်လောင်းမေတ္တာရပ်ခံအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာသည် လူများစုဖြစ်၍ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာသည် လူနည်းစုဖြစ်ပါသည်။ ကျွန်တော်တို့တွေ အနေကျပ်အောင် မလုပ်ကြပါနဲ့လို့ပြောလိုပါတယ်။

သို့ပါ၍ Christian Solidarity Worldwide (CSW) အဖွဲ့အနေနှင့် မြန်မာနိုင်ငံအရေးတွင် ဝင်ရောက်မစွက်ဖက်ပါနဲ့လို့ တောင်းဆိုပါသည်။

မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ ဘုရားကျောင်းများစည်ကားလျက်ရှိပါသည်။ ဘာသာပေါင်းစုံ ချစ်ကြည်လျက်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့ မ-မ-လ ဌာနချုပ် အနေနှင့် (CSW)အဖွဲ့မှ ထုတ်ပြန်သော မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်မရှိဆိုသော စာတမ်းအား ပယ်ချ ပါသည်။

မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်ရှိကြောင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရေးကို တန်ဖိုးထားလျက်ရှိကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဥက္ကဋ္ဌ
မ-မ-လ ဌာနချုပ်

ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (C.S.W)၏ မြန်မာနိုင်ငံရှိ ခရစ်ယာန်များ နှိပ်ကွပ်ခံရခြင်းနှင့်ပတ်သက်၍ အရေးတကြီး အစီရင်ခံစာအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ဌာနချုပ်၏ သဘောထားကို ထုတ်ပြန်ကြေညာခြင်း

၁။ ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့(C.S.W)က မြန်မာနိုင်ငံအစိုးရအား ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်မရှိကြောင်း ချုပ်ချယ်ခြင်း၊ ခွဲခြားခြင်း၊ နှိပ်ကွပ်ခြင်းတို့ကို လုပ်ဆောင်နေသည်ဟူ၍ လုပ်ကြံပုတ်ခတ်စွပ်စွဲသော အစီရင်ခံစာ ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပါသည်။

၂။ ယင်းကြေညာချက် အစီရင်ခံစာတွင် သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်ဟုဆိုသော မှတ်တမ်းတစ်ခုကို ရန်ကုန်မြို့တွင်း ဖြန့်ဝေလျက်ရှိကြောင်းနှင့် ယင်းမှတ်တမ်း၌ ခရစ်ယာန်ဘာသာကို ဖျက်ဆီးရေးအစီအစဉ်ဟူ၍ ခေါင်းစဉ်တပ်ထားသည်ဟု ဖော်ပြကြေညာထားခဲ့ပါသည်။

၃။ ယင်းအပြင် ကြေညာချက်အစီရင်ခံစာတွင် မြန်မာအစိုးရအနေဖြင့် ဘာသာရေးလွတ်လပ်ခွင့်ကို နေရာအနှံ့၌ ချုပ်ချယ်ခြင်းများ၊ ဘာသာရေးလူနည်းစုများအား ခွဲခြားဆက်ဆံခြင်း၊ အချို့နေရာများ၌ ခရစ်ယာန်များနှင့် မွတ်စလင်များအား အကြမ်းဖက်နှိပ်စက်ခြင်းများ ရှိနေသည်ဟုလည်း ပုတ်ခတ်စွပ်စွဲဖော်ပြထားခဲ့ပါသည်။

၄။ အဆိုပါ အစီရင်ခံစာကြေညာချက်မှာပင် မြန်မာနိုင်ငံမှ ဘာသာရေးလွတ်လပ်မှု ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခံရခြင်း၊ ဖောက်ဖျက်ခံရခြင်းတို့နှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ကြီးမှ အထူးစုံစမ်းစစ်ဆေးပေးရန် တိုက်တွန်းကြောင်း ဗြိတိသျှနိုင်ငံရေးပါတီများ ဖြစ်ကြသည့် ကွန်ဆာဗေးတစ်ပါတီ၊ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၊ လေဘာပါတီတို့မှ အမတ်အချို့က ကုလသမဂ္ဂမှ မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေလိုက်နာရမည့် ဆုံးဖြတ်ချက်များ ချမှတ်ရန် တိုက်တွန်းထားကြောင်း ဖော်ပြထားပါသည်။

၅။ မြန်မာနိုင်ငံသည် အထက်ဖော်ပြပါ (C.S.W)၏ စွပ်စွဲချက်များနှင့် ဆန့်ကျင်ကွဲလွဲစွာ ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာဟူ၍ ကိုးကွယ်မှုဆိုင်ရာ ဘာသာကြီးလေးမျိုး ရှိပါသည်။ မည်သည့်ဘာသာရေးကိုးကွယ်မှုကိုမျှ ချုပ်ချယ်ခြင်း၊ ဟန့်တားကန့်ကွက် ပိတ်ပင်နှောင့်ယှက်ခြင်း မပြုသည့်အပြင် ကိုးကွယ်ရာ ဘာသာအလိုက် နေ့ရက်များ၊ အခမ်းအနားများ၊ ပွဲတော်များကိုလည်း လွတ်လပ်ကျယ်ပြန့်စွာ ကိုးကွယ်ဝတ်ပြုခွင့်၊ ကျင်းပခွင့်များ ရှိနေခဲ့ပါသည်။

၆။ မြန်မာနိုင်ငံအနှံ့ ဘာသာရေးဆိုင်ရာ ဘုရားကျောင်းများ၊ စာသင်ကျောင်းများကိုလည်း လွတ်လပ်စွာ ပြုပြင်ဖွင့်လှစ် ကိုးကွယ်ခွင့်ပြုလျက်ရှိသည်ကို မြန်မာနိုင်ငံအတွင်းရှိ ဘာသာရေးအဖွဲ့အစည်းများနှင့် ဘာသာဝင် မြန်မာတိုင်းရင်းသားအားလုံးက နားလည်လက်ခံပြီးဖြစ်ပါသည်။

၇။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသော အင်အားကြီးနိုင်ငံအချို့၏ ပယောဂဖြင့် ဘာသာရေးကို မဟုတ်မမှန် လုပ်ကြံအကြောင်းပြုပြီး နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချရေးအတွက် ယင်းအစီရင်ခံစာ ကြေညာချက်ကို ထုတ်ပြန်သည်ဟု မိမိတို့အဖွဲ့ချုပ်က ယူဆပါသည်။

၈။ မြင့်မြတ်စင်ကြယ်သန့်ရှင်းသော ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုနှင့် ပတ်သက်ပြီး နိုင်ငံရေးအကျိုးစီးပွားအတွက် အသုံးချအမြတ်ထုတ်ရန် တင်ကူးရွယ်စူးလုပ်ဆောင်မှုမျိုးကို မည်သည့်ဘာသာတရားကမျှ လက်ခံခြင်း မရှိကြပါ။

၉။ သို့ပါ၍ (C.S.W)က ထုတ်ပြန်ကြေညာသော အစီရင်ခံစာပါ အချက်အလက်များသည် အထောက်အထားမရှိ ယုတ္တိမရှိ အခြေအမြစ်မရှိဘဲ မြန်မာနိုင်ငံ၏ ဘာသာရေးဆိုင်ရာ ပကတိလွတ်လပ်ခွင့်များနှင့် ဆန့်ကျင်ခြားနားကွဲပြားစွာ လုပ်ကြံပုတ်ခတ်မှုများ၊ စွပ်စွဲမှုများသာဖြစ်ကြောင်း မိမိတို့အဖွဲ့ချုပ်အနေဖြင့် လေ့လာသုံးသပ်ရရှိပါသည်။

၁၀။ ယင်းလေ့လာသုံးသပ်ချက်အရ မိမိတို့အဖွဲ့ချုပ်က(C.S.W)အစီရင်ခံစာကြေညာချက်ကို လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်
ရန်ကုန်မြို့။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၇(သောကြာနေ့)

၁၃၆၈ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၀၀ ၅။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၁၅ ၆။ **"ဟွန်းသံ" (ရောနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)**
- ၅:၂၀ ၇။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၀ ၈။ **လူသတ်၊ မီးရှို့၊ မိုင်းထောင်နေသော အကြမ်းဖက် သောင်းကျန်းမှု အန္တရာယ် စက်ကွင်းမှ ပြည်သူလူထု လွတ်ကင်းအောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ (အပိုင်း-၃)**
- ၅:၄၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၂၁)**
- ၇:၅၀ ၁၄။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညာတစ်ခု ဒို့ပြည်ထောင်စု)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာရွှေဦး" (အပိုင်း-၁၁)**
- ၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ကျေးရွာကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြား ကြည့်ရှုရေး စခန်းများဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်နေပြည်သူများ မြန်မာ့ရုပ်မြင်သံကြားကြည့်ရှုနိုင်ရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်းများ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်တွင် လားရှိုးမြို့နယ် ခေးနင်းကျေးရွာ၊ နောင်မွန်ကျေးရွာ၊ ပုန်းထွန်ကျေးရွာနှင့် စဥ့်အင်ကျေးရွာတို့၌ ကျေးရွာကိုယ့်အားကိုယ်ကိုး မြန်မာ့ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်း ဖွင့်ပွဲအခမ်းအနားများ ကျင်းပခဲ့ရာ လားရှိုးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ စက်ရုံမှူး ဦးမျိုးဝင်းအောင်၊ လားရှိုးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံး ဌာနခွဲမှူး ဦးလှကျော်ဦးတို့က ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၁-၂-၂၀၀၇)ရက်နေ့
နှင့်
(၂၅-၂-၂၀၀၇)ရက်နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၇ (သောကြာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
- ၇:၀၅ မိဘကျေးဇူးအကျေဆပ်နည်းတရားတော် (အရှင်အာစာရာလင်္ကာရ ဆရာတော်) (အပိုင်း-၂)
- ၇:၄၀ Myanmar Video Rhythm.
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ ကြက်ငှက်တုပ်ကွေးရောဂါ အန္တရာယ်အကြောင်း မေးမြန်းခန်း (ဒေါက်တာခင်မောင်လွင်)
- ၉:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၀ အံ့မခန်း ဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ Business Talk (ပြင်ဦးလွင်မြို့အကြောင်း သိကောင်းစရာ) (ဦးမျိုးမြတ်သူ၊ ဦးစိုးမြင့်)
- ၁၀:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၁၅ အမြင့်သဘင်၏ ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
- ၁၀:၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၀ ပညာအလှူပေးဝေလှူမယ် "ဆုကြီးပန်တောင်ပေါ်ဝယ်"
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၂၅ သီးနှံစိုက်ပျိုးအထွက်တိုး "ခြံစည်းရိုးကြက်ဆူပင်"
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ချင်းရိုးရာဝတ်စားဆင်ယင်မှု
- ၁၁:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၅ လှပသစ်ဆန်းအလှပြင်ခန်း (လီလီအလှပြင်ခန်း)
- ၁၂:၁၅ တေးဂီတအစီအစဉ်
- ၁၂:၂၀ စွယ်တော်လေးဆု ဆုပန်ယူ
- ၁၂:၄၀ တေးဂီတအစီအစဉ်
- ၁၂:၄၅ ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပင်လုံစိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ်

ရတနာစည်ဆရာတော်
(လှိုင်လင်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး



အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

ပင်လုံစိတ်ဓာတ်

မြန်မာနိုင်ငံသည် ရှေးပဝေသဏီက စတင်၍ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ကြငှန်းဖြင့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လာခဲ့သည်။

နယ်ချဲ့တို့က ကျူးကျော်စစ် သုံးကြိမ်တိုင်အောင် တိုက်ခိုက်ကာ အမိမြန်မာနိုင်ငံတော်ကို မတရားသိမ်းပိုက်ခဲ့ပြီး မြန်မာတိုင်းရင်းသားများအတွင်း နှစ်ပေါင်းကြာရှည်စွာ ဖြစ်ထွန်းတည်ရှိခဲ့သည့် စည်းလုံးညီညွတ်မှု ပျက်ပြားစေရန်၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွင်း ခိုင်မြဲနေသည့် ပြည်ထောင်စုစိတ်ဓာတ် ပျက်ပြားစေရန် အစီအစဉ်ရှိရှိ ကြံစည်လုပ်ကိုင်ခဲ့ကြသည်။ မြန်မာတိုင်းရင်းသားများ ကျွန်သက်ရှည်စေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင် Divide and Rule Policy ဖြင့် ခွဲခြားအုပ်ချုပ်ခဲ့ကြသည်။

သို့သော် အမြော်အမြင်ကြီးမားသော တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းစွမ်းဆောင်ချက်ဖြင့် မြန်မာတစ်နိုင်ငံလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်နိုင်သည့်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြ၏။ ပင်လုံစာချုပ်ဖြင့် အခိုင်အမာ ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်၏။ ၁၂-၂-၁၉၄၇။ ရှမ်းတောင်တန်း ပင်လုံဒေသ။ ယင်းကြောင့် ယင်းသည် ပင်လုံစိတ်ဓာတ်မည်လေ၏။

နယ်ချဲ့တို့ဖျက်သဖြင့် ပျက်နေသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ နယ်ချဲ့တို့ခွဲသဖြင့် ကွဲနေသော ပြည်မ-တောင်တန်းတို့ကို စုစုစည်းစည်း လုံးလုံးခဲခဲ ညီညီညွတ်ညွတ် ဖြစ်ထွန်းစေသည့် စိတ်ဓာတ်သည် ပုဂံစိတ်ဓာတ်အမွေခံ ပင်လုံစိတ်ဓာတ်မည်ပါ၏။

ဤပင်လုံစိတ်ဓာတ် တဖျပ်ဖျပ် တလင်းလင်း တဝင်းဝင်း တောက်ပလာအောင် စွမ်းဆောင်ကြိုးပမ်းရာ၌ နယ်ချဲ့တို့၏ ပြင်းထန်သော အနှောင့်အယှက်များ အဘယ်မျှ များပြားပုံနှင့် ယင်းကို အဘယ်သို့ ရင်ဆိုင်ကျော်လွှားအောင်မြင်ပုံ အနှစ်ချုပ်မှတ်တမ်းမှာ ဤသို့ဖြစ်ပါ၏။

- **၁၈၈၅ နိုဝင်ဘာလတွင် တစ်နိုင်ငံလုံး နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရသော်လည်း မျိုးချစ်သူရဲကောင်းများသည် သူ့ကျွန်မခံတော်လှန်ကြရင်း အသက်သွေးချွေးမြောက်မြားစွာ တိုင်းပြည်အတွက် ပေးလှူခဲ့ကြ။**
- **နောင်ကာလများတွင်လည်း မျိုးချစ်သူရဲကောင်းများက နယ်ချဲ့အုပ်စိုးမှု၊ တိုင်းတစ်ပါးအုပ်ချုပ်မှုကို နည်းမျိုးစုံဖြင့် ဆန့်ကျင်တွန်းလှန်ရင်း လွတ်လပ်ရေးအတွက် ဆောင်ရွက်ခဲ့ကြ။**
- **၁၉၄၅ ခုနှစ် ရန်ကုန်မြို့ နေသူရိန်လူထုစည်းဝေးပွဲကြီးက ပြည်နယ်ပြည်မ မခွဲခြားဘဲ၊ မြေပြန့်တောင်တန်းမခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးပေးရန် တစ်ခဲနက် တောင်းဆိုခဲ့ကြ။**
- **ထို ၁၉၄၅ ခုနှစ်ထဲမှာပင် မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန် အေမာရီက အိန္ဒိယရှိ ဘုရင်ခံဒေါ်မံစမစ်ထံ အောက်ပါအစီရင်ခံစာကို ပေးပို့ထား-**
"မြန်မာပြည်ကို လွတ်လပ်ရေး ပေးရသည့်တိုင်အောင် တောင်တန်းဒေသများကိုမူ ဗြိတိသျှလက်အောက်မှာ ထားရှိသင့်ကြောင်း၊ တောင်တန်းဒေသနှင့် ကရင်ဒေသကို ဗြိတိသျှတို့က ဆုပ်ကိုင်ထိန်းသိမ်းထားရန် အထူးလိုအပ်ကြောင်း"
- **ယင်းအစီရင်ခံစာသည် နယ်ချဲ့တို့၏ သွေးခွဲဗီဇနှင့် အာဏာလောဘကို ကမ္ဘာ့သမိုင်းစာမျက်နှာ၌ ထင်းထင်းကြီး ပေါ်လွင်နေစေ။**
- **၁၉၄၆ခုနှစ် ဇန်နဝါရီလမှာ ရန်ကုန်မြို့၌ မျိုးချစ်ခေါင်းဆောင်များ ညီလာခံကျင်းပလျက် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တိုင်းရင်းသားအားလုံး လက်တွဲဆောင်ရွက်ရန်နှင့် အတူတကွ တညီတညွတ် တစည်းတလုံးတည်း ပြည်ထောင်စုနိုင်ငံထူထောင်ရန် ဆုံးဖြတ်။**
- **ထို ၁၉၄၆ခုနှစ်ထဲမှာပင် တောင်တန်းဒေသ ပင်လုံမြေ၌ ကျင်းပသော စော်ဘွားများညီလာခံသို့ ပြည်မမျိုးချစ်ခေါင်းဆောင်များ တက်ရောက်၍ တောင်တန်းနှင့်ပြည်မ အတူတကွ စည်းလုံးညီညွတ်စွာရပ်တည်ရေး အထူးကြိုးပမ်းထားကြ။**
- **ထို ၁၉၄၆ ဒီဇင်ဘာလတွင် မြန်မာကိုယ်စားလှယ်များ လန်ဒန်သို့ သွား၍ ဗြိတိသျှနန်းရင်းဝန် အက်တလီနှင့် မြန်မာ့လွတ်လပ်ရေးအတွက် တွေ့ဆုံဆွေးနွေး။**
- **ထိုအချိန်၌ပင် အံ့အားသင့်ဖွယ်ကောင်းလောက်အောင် နယ်ချဲ့လက်ဝေခံများထံမှ အဖျက်အမှောင့် ကြေးနန်းတစ်စောင် လန်ဒန်နန်းရင်းဝန်ထံ ရောက်လာ။**
- **ယင်းအခြေအနေကို ချက်ချင်းသိလိုက်ကြသော မြန်မာနိုင်ငံမှ မျိုးချစ်ခေါင်းဆောင်များနှင့် တောင်တန်းသားများက တောင်တန်းဒေသ တောင်ကြီးမြို့၌ လူထုစည်းဝေးပွဲကြီး ကျင်းပ၍ တောင်တန်းပြည်မ ပူးပေါင်းလျက်သာ လွတ်လပ်ရေး ရယူမည်ဖြစ်ကြောင်း လန်ဒန်နန်းရင်းဝန်ထံ အလျင်အမြန် ကြေးနန်းရိုက်ပို့။**
- **သွေးခွဲဗီဇ အာဏာလောဘရှင် နယ်ချဲ့တို့က မြန်မာပြည်ကို မဖြစ်မနေ လွတ်လပ်ရေးပေးရသည့်တိုင်အောင် တောင်တန်းဒေသများကိုမပေးဘဲ ချန်ထားရန် ပရိယာယ်အဖုံဖုံ သုံးနေသောကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်မှစတင်ကာ တောင်တန်းဒေသ ပင်လုံမြို့၌ မျိုးချစ်ပုဂ္ဂိုလ်ကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ ပေါင်းစည်းလျက် ပင်လုံညီလာခံကျင်းပ။**
- **ထိုအချိန်အထိ နယ်ချဲ့သွေးခွဲမှုကို အချို့က နားယောင်နေသေးသဖြင့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးကြရန် နှောင့်နှေးကြန့်ကြာနေ။**
- **သူတို့ သိမ်းပိုက်စဉ်က တည်ရှိခဲ့သော ပထဝီနယ်မြေကိုပင် ပြန်လည်ပေးရတော့မည်ဖြစ်သောအခါ ဖဲ့၍၊ စိတ်၍၊ ခွဲ၍ လက်ထဲချန်ထားချင်သည့် နယ်ချဲ့စိတ်ရင်း ဘွင်းဘွင်းကြီးပေါ်နေ။**
- **ယင်းကြောင့်ပင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးသည် နိုင်ငံ့အနာဂတ်အတွက် အရေးအကြီးဆုံးဖြစ်လာနေ။**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မဖြစ်မနေ ပြန်လည်တည်ဆောက် အောင်မြင်လာသည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်ရောက်မှပင် နယ်ချဲ့တို့ အရှုံးကြီးရှုံးသွားပြီး ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ်ကို တိုင်းရင်းသား ခေါင်းဆောင်များအားလုံး တညီတညွတ်တည်း လက်မှတ်ရေးထိုးချုပ်ဆိုနိုင်။**
- **ယင်းပင်လုံစာချုပ်ကို အကြောင်းပြု၍ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူ၍ ထွန်းပေါ်လာ။**
- **လွတ်လပ်ရေးကို မွေးဖွားသန့်စင်နိုင်ဖို့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သန္ဓေတည်ခဲ့ရကြောင်း သမိုင်းက စကားပြောနေ။**
- **ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း သမိုင်းက စကားပြောနေ။**

ပြည်ထောင်စုစိတ်ဓာတ်

ပင်လုံစိတ်ဓာတ်၏ အမွန်အမြတ်ဟူသမျှကို အမွေခံရသော ပြည်ထောင်စုစိတ်ဓာတ်ဟူသည်ကား လူမျိုးခွဲ ဒေသခွဲမရှိ။ လူမျိုးစွဲ ဒေသစွဲမရှိ၊ ဂိုဏ်းဂဏစွဲ ဆန္ဒစွဲမရှိ။ ပကတိဖြူစင်စွာ၊ သိမြင်နားလည်စွာ၊ ငဲ့ညှာထောက်ထားစွာ တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်လမ်းတည်းလျှောက် မည်သည့်ဒေသရောက်ရောက် မည်သည့်အရပ်မှာနေနေ ပြည်ထောင်စုအဝန်းအဝိုင်းတစ်ခုလုံးအပေါ် အထိမခံ၊ အဖိမခံ၊ အဖွဲ့မခံ၊ အဖြိုမခံ၊ အပြိုမခံ၊ အဖျက်မခံ၊ အပျက်မခံဘဲ ညီနောင်သွေးချင်း အရင်းအချာ မေတ္တာဖြန့်မိုး ကောင်းကျိုးလိုလား ဆိုးကျိုးဖယ်ရှား အပြုသမားစိတ်ဓာတ် ဖြစ်ပါသည်။

ယင်းအပြုသမားစိတ်ဓာတ်ကို **'နှဲ့'** နေသော နယ်ချဲ့စနက်ကြောင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရရှိခဲ့သော်လည်း ပြည်ထောင်စုစိတ်ဓာတ် **'နှဲ့'** လျက် ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲတို့ဖြင့် တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများ အလျှင်းမရှိ ဖြစ်ခဲ့ရပြန်ပါသည်။

"နယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော်မျှ တိုင်းရင်းသားများအတွင်း စိတ်ဝမ်းကွဲပြားအောင် ဖန်တီးခြယ်လှယ် စိုးမိုးအုပ်ချုပ်ခဲ့မှုကြောင့် လွတ်လပ်ရေးရရှိပြီးသော်လည်း တိုင်းရင်းသားညီအစ်ကို အချင်းချင်း နှစ်(၄၀)ကျော်ကြာအောင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲမှသာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာနိုင်မည်ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့သည့်အတွက် ယခုအခါ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ပြည်သူများခံစားနေကြရပြီဖြစ်။

✧ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားကာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို မဆောင်ရွက်နိုင်ဘဲ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာဖြစ်တော့မည့် အခြေအနေများ ကျရောက်ခဲ့ရသည်ကို အထူးသတိပြု သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း။

"ထို့ကြောင့် မိမိတို့နိုင်ငံ့တာဝန်ယူခဲ့ရသည့် အချိန်တွင် မိမိတို့ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိနိုင်မြဲစေရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

"တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲမှသာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာနိုင်မည်ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့သည့်အတွက် ယခုအခါ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ပြည်သူများ ခံစားနေကြရပြီဖြစ်ကြောင်း။

"ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းရှိ ပြည်နယ်၊ တိုင်းဒေသအားလုံး အကြားအလပ်မရှိ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလာစေရေးအတွက်လည်း ဖွံ့ဖြိုးရေးဒေသကြီး စီမံကိန်း ၂၄ ခု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ဖြင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

"ထိုစီမံကိန်းများက ဒေသတည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှု လွယ်ကူချောမွေ့ရေး၊ တိုင်းရင်းသား ညီအစ်ကိုများအကြား အထင်အမြင်လွဲမှား စိတ်ရင်းကွဲပြားမှုများ ကင်းရှင်းရေး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့ ဖြစ်ထွန်းစေလျက်ရှိကြောင်း" ဖြင့် နိုင်ငံတော်အကြီးအကဲများက အခါခါ ရှင်းလင်းပြောဆိုခဲ့ပြီး ဖြစ်ပေသည်။

အမှန်တကယ် ဖြစ်ထွန်းလာလျက်ရှိသော ယင်းအနေအထားကောင်းများ ပိုမိုကျယ်ပြန့်ခိုင်မာလာစေရန် တိုင်းရင်းသားအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုး၍တိုး၍ ဆက်လက်ဆောင်ကြဉ်းသွားကြရပါမည်။ ယင်းအနေအထားကောင်းများအားလုံး အစဉ်အမြဲ ပွင့်လန်းလျက် ဒီမိုကရေစီအသွင် ကူးပြောင်းရာဝယ် ယခုအခါ တပ်မတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ ပထမအဆင့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ပြီးသော် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက်လည်း အခိုင်အမာ သန္နိဋ္ဌာန်ချထားပြီးဖြစ်နေပေပြီ။

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့ကလည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြရန် အမှန်လိုအပ်ပါ၏။ အောင်မြင်ပြီးမြောက် ခရီးအရောက် လက်တွဲချီတက်ကြရမည့် အမျိုးသားရေးပန်းတိုင်ကား အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ဖြစ်ပါ၏။

ပြည်ထောင်စုစိတ်ဓာတ် မြင့်မြတ်နှလုံးသွေးသားမြေးစဉ်ဆက် ဘယ်မပျက်ဘဲ လင်းလက်ဝေစည်ရွှန်းလဲ့ရည် ကမ္ဘာတည်သရွေ့တည်စေသတည်း။ ။



နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပြည်ထောင်စုပုံရိပ်များ

☆ ပြည်ထောင်စု နိုင်ငံ
ပြိုင်စံမဲ့ ထင်ရှား။
မြန်မာ့မြေပုံကိုဖြင့်
အလှဝေထုံ ဂုဏ်မပျက်ရအောင်
တွဲလက်ခိုင် ပြည်ထောင်သားတို့
အမျိုးသားမာန် ဇာတိသွေးနှင့်
ရေးခဲ့တကား။

☆ ပြည်ထောင်စု မေတ္တာ
ဝေဆာလို့ ပျံ့သင်း။
သွေးအရင်းပေမို့
မွေးချင်းတွေ ညီအညွှတ်ပါပဲ
ပြည်ထွတ်မှာ လက်တွဲပျော်လို့
မပျက်တွဲခေါ် အားခွန်သစ်ကြတယ်
ချစ်ကြည်ရိုင်းပင်း။

☆ ပြည်ထောင်စု ဥယျာဉ်
မြင်မြင်သူ ရှုငေး။
သည်မြေမှာ အတူဖွားတဲ့
တိုင်းရင်းသား ပန်းကလေးတွေက
လန်းမွှေးကာ ဥယျာဉ်လှအောင်လို့
ကူမျှဝေ ဖူးငုံဆင့်
ပွင့်လှိုင်ကြူအေး။

☆ ပြည်ထောင်စု ရိပ်မြုံ
လုံခြုံလို့ နွေးထွေး။
စည်းရိုး အတူကာ
ဝမ်းစာကို အတူပျိုး
ကျားဆိုးရန် အတူနှိမ်နင်းပါလို့
ချစ်ခြင်းနှင့် သစ္စာစောင့်ကြတယ်
ကြောင့်ကြကင်းဝေး။

☆ ပြည်ထောင်စု မဏ္ဍိုင်
ကြံ့ခိုင်လို့ ဝင့်ကြွား။
မုန်တိုင်း ဘယ်ပုံငြိုးလို့
မိုးကြိုး ဘယ်လိုခွင်းသော်လည်း
ပြည်တွင်းမှာ အားအင်ကောင်းပြန်တော့
အပေါင်းရန် သွေခွာတိမ်း
ငြိမ်းချမ်း ခံ့ညား။

☆ ပြည်ထောင်စု တေးသံ
ခြိမ့်ညံလို့ လွင့်မြူး။
သာကီမျိုးပေမို့
ကမ္ဘာအရှည် ဘယ်မညှိုးရအောင်
ရှေ့တိုးချီ အောင်စည်မောင်းတွေနှင့်
နှောင်ညီအပေါင်း ညီညွတ်တေးကို
ကြွေးရင့်သီကျူး။

☆ ပြည်ထောင်စု မြန်မာ
ကမ္ဘာမှာ စံပြ။
ပြည်မ ပြည်နယ် သွေးမခြားပါဘူး
အလေးထား ဖေးကူလို့
အေးအတူ ပူအမျှရယ်နှင့်
အတူတကွ ရန်းကန်ကြိုးကြတယ်
နိုးကြားတက်ကြွ။

☆ ပြည်ထောင်စု ပန်းတိုင်
လှမ်းကိုင်ဖို့ လက်တစ်ကမ်း။
မသွေအမှန်
အခြေခံ ဥပဒေအရေးကိုဖြင့်
ဆွေးနွေးကာ ခေါင်းဆုံဝိုင်းပါလို့
ဒို့တိုင်းပြည် ရွှေတစ်ခေတ်အတွက်
အားသစ်ကြစမ်း။ ။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...

ဇော်မင်းမင်းဦး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဥပ္ပါတသန္တိစေတီတော်၌ လှူဒါန်းမည့် ရတနာကျောက်စိမ်း အုတ်မြစ်တော်နှင့် ရတနာငွေကြုတ်တို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥပ္ပါတသန္တိစေတီတော် ဗဟိုအုတ်မြစ်တော်ဌာန၌ ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ပတ္တမြားရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်တို့ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ မော်ကွန်းကမ္ပည်းကြေးပြားတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အနောက်အရပ်၌ မြရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အရှေ့တောင်ထောင့်အရပ်၌ ပုလဲရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ သန္တာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ပျဉ်းမနားတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်များမှ ဝတ်အသင်းအဖွဲ့ဝင်များ၊ မန္တလေးနန်းတော်ရှေ့ မဟာမင်္ဂလာစည်တော်ကြီးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာရေးဦးစီးဌာနမှဦးစီးမှူး ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ဗုဒ္ဓရောင်ခြည်တော်ဖွင့် ထူးမခြားနားသီချင်းသုံးပိုဒ်ဖြင့် သီဆိုပူဇော်၍ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း ကိုးကြိမ် တီးမှုတ်ပူဇော်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်၌လှူဒါန်းမည့်ရတနာကျောက်စိမ်းအုတ်မြစ်တော်နှင့် ရတနာငွေကြုတ်တော်တို့ကို လည်းကောင်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌမကွေးဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မော်ကွန်းကမ္ပည်းကြေးပြားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က မော်ကွန်းကျောက်စာတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က သန္တာရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်၌လှူဒါန်းမည့်ရတနာကျောက်စိမ်း အုတ်မြစ်တော်နှင့် ရတနာငွေကြုတ်တော်တို့ကို လည်းကောင်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မော်ကွန်းကမ္ပည်းကြေးပြားတော်နှင့် လှူဖွယ်ပစ္စည်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥပ္ပါတသန္တိစေတီတော် ဗဟိုအုတ်မြစ်တော်ဌာန၌ ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ပတ္တမြားရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်တို့ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

စီသွင်းလှူဒါန်း

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သန္တာရတနာစီခြယ်ထားသော

ပရိတ်နံ့သာရည် ပက်ဖျန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဥပ္ပါတသန္တိစေတီတော် ဗဟိုအုတ်မြစ်တော်ဌာန၌ ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ပတ္တမြားရတနာ စီခြယ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စတင် စီသွင်းလှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အရှေ့တောင်ထောင့်အရပ်၌ ပုလဲရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်အရပ်၌ ကြောင်မျက်ရွဲရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ရတနာ ကျောက်မျက်တော်များနှင့် ဓာတ်သတ္တုတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက သမန္တာမှစ၍ မေတ္တသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ယူဆောင်၍ စေတီတော် ဝတ္ထုကံတွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩသဓာဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အလုပန်းစိုက် ငွေဖလားကိုင်နှင့် သာသနာ့အလံကိုင်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များနှင့်အတူ ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ရတနာကျောက်စိမ်းအုတ်မြစ်

တော်များကို ဥပါသကာများက အုတ်မြစ်တော်စီမည့်နေရာသို့ ပင့်ဆောင်ကြသည်။

ယင်းသို့ ရတနာအုတ်မြစ်တော်များကို ပင့်ဆောင်ရာတွင် မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများဖြင့် သီကျူးပူဇော်ကြသည်။

ပင့်ဆောင်

ထို့နောက် ဆရာတော် သံဃာတော်များအား ဥပ္ပါတသန္တိ စေတီတော်ဗဟိုအုတ်မြစ်တော်ဌာနအနောက်ဘက်ရှိ သံဃာသနပလ္လင်တော်ဌာနသို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များသည် မူလအုတ်မြစ်တော်ဌာန၌ နေရာယူကြသည်။

ထို့နောက် အခမ်းအနားမှူးက ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခါတော်ကြားစာတမ်းနှင့် မဟာမင်္ဂလာ မော်ကွန်းကို ဖတ်ကြားသည်။

ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို မူလအုတ်မြစ်တော်ဌာန၌ စီသွင်း လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဓာတ်သတ္တုတော်များကို မူလအုတ်မြစ်တော်ဌာန၌ စီသွင်း လှူဒါန်းပေးပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ထိုသို့ ရတနာကျောက်စိမ်း အုတ်မြစ်တော်နှင့် ဓာတ်သတ္တုတော်များကို စီသွင်းလှူဒါန်းရာတွင် ဥပါသကာများက သက္ကတွာဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။

ပြောင်းရွှေ့နေရာယူ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဥပ္ပါတသန္တိ စေတီတော် မူလအုတ်မြစ်တော် ဌာနမှ ဗဟိုအုတ်မြစ်တော်ဌာနသို့ ပြောင်းရွှေ့နေရာယူကြသည်။

ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်တို့ကို စီသွင်းလှူဒါန်းပြီး ပရိတ် နံ့သာရည်များ ပက်ဖျန်းပူဇော်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်တော်များကို စီသွင်းလှူဒါန်းနိုင်ရန် ဗဟိုအုတ်မြစ်တော်ဌာန၌ နေရာယူကြသည်။

ထို့နောက် ကျမ်းဂန်တော်လာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရတနာအုတ်မြစ်တော်များကို စီသွင်းလှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အရှေ့အရပ်၌ စိန်ရတနာစီခြယ်

ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက အနောက်တောင်ထောင့်အရပ်၌ ဂေါမုတ်ရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး မောင်အေးက အနောက်အရပ်၌ မြရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

...မ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ...ကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ...မောင်အေး အနောက်အရပ်၌ မြရတနာစီခြယ်ထား ...စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က မော်ကွန်းကျောက်စာတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က သန္တာရတနာ စီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း အနောက်မြောက်ထောင့်အရပ်၌ ဥဿဖရား ရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်း လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ မော်ကွန်း ကျောက်စာတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

* စာမျက်နှာ ၉ မှ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အနောက်မြောက်ထောင့် အရပ်၌ ဥဿဖရားရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မြောက်အရပ်၌ နီလာရတနာစီခြယ် ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အရှေ့မြောက်ထောင့်အရပ်၌ သန္တာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် ရတနာကျောက်စိမ်း အုတ်မြစ်တော်များကို ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

အောင်ဂါထာများ ရွတ်ဆို

ယင်းနောက် ဆရာတော်သံဃာတော်များ ဦးဆောင်၍ "ဇယန္တော" အစရှိသော ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ရတနာကျောက်မျက်တော်များနှင့် ဓာတ်သတ္တုတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းကို ဖတ်ကြားပြီး အမျှပေးဝေသည်။ ဆက်လက်၍ ဒေဝေါကာသကရဏ နတ်ပို့ဂါထာဖြင့် နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မင်္ဂလာငွေခရုနှင့် အောင်စည် အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်သည်။

ရွှေမိုး ငွေမိုးရွာသွန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဥပ္ပါတသန္တိ စေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးရွာသွန်းဖြိုးကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား မင်္ဂလာမဏ္ဍပ်၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ယာယီပြတိုက်၌ ခင်းကျင်းစီစဉ်ပြသထားသော ဥပ္ပါတသန္တိစေတီတော် ပုံတူ၊ သာသနိက အဆောက်အအုံများ ပုံစံငယ်နှင့် စေတီတော် တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

အုတ်မြစ်တော် စီသွင်းလှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် မြောက်အရပ်၌ နီလာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တောင်အရပ်၌ ကြောင်မျက်ရွဲ ရတနာစီခြယ်ထားသော ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အရှေ့အရပ်၌ စိန်ရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အရှေ့မြောက်ထောင့်အရပ်၌ သန္တာရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အနောက်တောင်ထောင့်အရပ်၌ ဂေါမုတ်ရတနာစီခြယ်ထားသော ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းလှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုနေ့နံနက်ပိုင်းတွင် အလုံလမ်းနှင့် ရှင်စောပုလမ်းကြား ပြည်လမ်းကို ခေတ္တပိတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်ပိုင်း၌ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ် ယင်းနေ့ နံနက် ၆ နာရီမှ ၉နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းကြား ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည် ဖြစ်ပါ၍ ခရီးသွားပြည်သူများနှင့် ယာဉ်များအနေဖြင့် ဖော်ပြပါအချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းသွားလာမောင်းနှင်ကြရန် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထားဝယ်အသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ထားဝယ်အသင်း၏ အကြိမ်(၈၀)မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် Ph.Dပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ဇမ္ဗူ့ရတနာ ပါဠိတက္ကသိုလ်ကျောင်းတိုက် အလုံလမ်း အလုံမြို့နယ်တွင် ကျင်းပမည်။ အသင်းဝင်များနှင့် ထားဝယ်သူ၊ ထားဝယ်သားများ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများ၊ Ph.D နှင့် အလားတူ ပါရဂူဘွဲ့ရ ထားဝယ်သူ၊ ထားဝယ်သားများသည် ဖေဖော်ဝါရီ ၁၄ ရက် နောက်ဆုံးထားပြီး အသင်းတိုက်တွင် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အမှုဆောင်များနှင့် အသင်းတိုက် ဖုန်း-၂၂၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထူးခြားသည့် ညအပူချိန်များ

၈-၂-၂၀၀၇

ဟားခါး

၃ ဒီဂရီစင်တီဂရိတ်

ပင်လောင်းနှင့် ဟဲဟိုး

၅ ဒီဂရီစင်တီဂရိတ်

ရေကြည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏(၂၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးမွှေရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်အားလုံးနှင့် ရန်ကုန်ရောက် ရေကြည်မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးစာရင်းနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်တို့၏ သားသမီးများစာရင်းကို အမှတ်စာရင်းမိတ္တူနှင့်အတူ ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း-၂၄၁၉၂၇၊ ဒုဥက္ကဋ္ဌ ဦးမောင်မောင်အေး ဖုန်း-၅၅၉၅၃၆၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၀၉၀၄၅၊ စည်းရုံးရေးမှူး ဦးကြည်ဆန်း ဖုန်း-၇၀၉၈၉၀နှင့် အမှုဆောင်များထံ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်ကြရန် နိုးဆော်ထားသည်။ (က-ပ)

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိ စေတီတော်ပရိဝုဏ်အတွင်း ဥပ္ပါတသန္တိ ဝိသုံဂါမရွှေသိမ်တော်နှင့် သာသနိကအဆောက်အအုံခြောက်ခုတို့၏ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကျင်းပ

ဆက်ကပ်

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိ စေတီတော် ပရိဝုဏ်အတွင်းရှိ ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော်နှင့် သာသနိက အဆောက်အအုံခြောက်ခုတို့၏ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားတွင် ဥပ္ပါတသန္တိ စေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော်၏ ရတနာရွှေကြုတ်တော်ကို ဆရာတော်ထံ ဆက်ကပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိ စေတီတော်ပရိဝုဏ်အတွင်းရှိ ဥပ္ပါတသန္တိဝိသုံဂါမရွှေသိမ်တော်နှင့် သာသနိကအဆောက်အအုံခြောက်ခုတို့၏ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၄ ရက် နံနက် ၆ နာရီ မိနစ် ၅၀တွင် အဆိုပါ စေတီတော်တည်ထားမည့် ကုန်းတော်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဥပ္ပါတသန္တိ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညို၍ ရွှေကြုတ်တော်နှင့် ရတနာအုတ်မြစ်တော်တို့ကို ထည့်သွင်းလှူဒါန်းပူဇော်သည်။

အခမ်းအနားသို့ တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီ၊ ပျဉ်းမနားမြို့ မဟာ ဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ အမှူးပြုသည့် သံဃာတော်များကြွရောက်တော်မူကြ ပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ သာသနာ ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ကာကွယ် ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဗိုလ်ချုပ်တင်ထွန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဥပ္ပါတသန္တိ စေတီ တော် တည်ဆောက်ရေး ဦးစီးကော်မတီ ဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာရေးဦးစီး ဌာနမှ ဦးစီးမှူး ဦးသူရက အခမ်းအနား မှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် တပ်ကုန်းမြို့ ငွေတောင် တောရကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီထံမှ ပရိသတ်တို့က ကိုးပါး သီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို သံဃာတော်များထံ ဆက်ကပ်ကြသည်။

ဆက်လက်၍ ဥပ္ပါတသန္တိ စေတီ တော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး က ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော် ၏ ရတနာကြုတ်တော်ကို လည်း ကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က မော်ကွန်းကမ္ပည်း ကျောက်စာတော်ကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က မော်ကွန်းကမ္ပည်းအဖုံး ကျောက်စာတော်ကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရတနာ အုတ်မြစ်တော်များကို လည်းကောင်း သံဃာတော်များထံ ဆက်ကပ်ကြသည်။

ထို့နောက် ငွေဆင်ကုမ္ပဏီမှ ဒါရိုက် တာ ဦးမျိုးမင်းစိုးက စေတိယပါလ စံကျောင်းတော်အတွက် ရတနာကြုတ် တော်နှင့် ရတနာအုတ်မြစ်တော်တို့ကို လည်းကောင်း၊ အေစီအီးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက သံဃာရာမ ပထမ ကျောင်းဆောင်၊ ကမ္ဘောဇဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင် က သံဃာရာမ ဒုတိယကျောင်းဆောင်၊ အေးရှားဝေါလ်ကုမ္ပဏီမှ ဦးမောင်ကျေး က သံဃာရာမ တတိယကျောင်း ဆောင်၊ ဒေဝ်ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးချစ်ခိုင်က သံဃာရာမ စတုတ္ထကျောင်းဆောင်နှင့် ထူးထရေးဒင်း ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတေဇက သာသနာ့မဟာဗိမာန်တော် တို့အတွက် ရတနာကြုတ်တော်နှင့် ရတနာအုတ်မြစ်တော်များကို လည်း ကောင်း သံဃာတော်များထံ ဆက်ကပ် ကြသည်။

ယင်းနောက် သံဃာတော် အရှင် သူမြတ်တို့က ပရိတ်နိဒါန်းမှစ၍ မေတ္တသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရား တော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့် တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ယူဆောင်၍ သာသနိကအဆောက်အအုံ များ၏ ဝတ္ထုကံများ၌ ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ် ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ် မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီး များနှင့် သာသနိကအဆောက်အအုံ အလှူရှင်များက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာ ဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ အနု မောဒနာ တရားနာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ဆက်လက်၍ ဥပါသကာများက ရတနာအုတ်မြစ်တော်များ၊ မော်ကွန်း ကမ္ပည်း ကျောက်စာတော်များနှင့် ရတနာကြုတ်တော်များကို သက်ဆိုင်ရာ သာသနိကအဆောက်အအုံ အသီးသီး သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော် တည်ဆောက်မည့်နေရာ၌ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ စေတိယပါလစံကျောင်းတော်၊ သံဃာ ရာမကျောင်းဆောင် လေးဆောင်နှင့် သာသနာ့မဟာဗိမာန်တော်တို့၌ အလှူ ရှင်များက နေရာယူကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခါတော်ကြား စာတမ်းနှင့် မော်ကွန်း ကမ္ပည်းစာတမ်းတို့ကို ဖတ်ကြားပူဇော် သည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၇နာရီ ၄၇မိနစ်တွင် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော်အတွက် ရတနာ ကြုတ်တော်ကို ထည့်သွင်းပူဇော်သည်။

တစ်ပြိုင်တည်းမှာပင် စေတိယပါလ စံကျောင်းတော်အတွက် ဦးမျိုးမင်းစိုး၊ သံဃာရာမ ပထမကျောင်းဆောင် အတွက် ဦးတင့်ဆန်း၊ သံဃာရာမ ဒုတိယကျောင်းဆောင်အတွက် ဦးမိုး ဆန်းအောင်၊ သံဃာရာမ တတိယ ကျောင်းဆောင်အတွက် ဦးမောင်ကျေး၊ သံဃာရာမ စတုတ္ထကျောင်းဆောင် အတွက် ဦးချစ်ခိုင်နှင့် သာသနာ့ မဟာ ဗိမာန်တော်အတွက် ဦးတေဇတို့က ရတနာကြုတ်တော်များကို ထည့်သွင်း ပူဇော်ကြသည်။

ဆက်လက်၍ မော်ကွန်းကမ္ပည်း ကျောက်စာတော်များနှင့် မော်ကွန်း ကမ္ပည်းအဖုံး ကျောက်စာတော်များကို စီသွင်းလှူဒါန်းကြပြီး အမွှေးနံ့သာရည် များ ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော်အတွက် ရတနာအုတ်မြစ် တော်များ စီသွင်းလှူဒါန်းကြရာ အရှေ့ အရပ်၌ ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က စိန်ရတနာစီခြယ်ထား သော ရွှေအုတ်မြစ်တော်ကိုလည်းကောင်း၊ အရှေ့တောင်ထောင့်အရပ်၌ ဗိုလ်ချုပ် တင်ထွန်းက ပုလဲရတနာစီခြယ်ထား သော ရွှေအုတ်မြစ်တော်ကို လည်း ကောင်း၊ တောင်အရပ်၌ တိုင်းမှူး ဗိုလ်မှူး ချုပ် ဝေလွင်က ကြောင်မျက်ရွဲရတနာ စီခြယ်ထားသော ရွှေအုတ်မြစ်တော်ကို လည်းကောင်း၊အနောက်တောင်ထောင့် အရပ်၌ ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဂေါ်မုတ် ရတနာစီခြယ်ထားသော ရွှေအုတ်မြစ်တော်ကို လည်းကောင်း၊ အနောက်အရပ်၌ ဗိုလ်ချုပ်သန်းဌေးက မြရတနာစီခြယ်ထားသော ရွှေအုတ်မြစ် တော်ကို လည်းကောင်း၊ အနောက် မြောက်ထောင့်အရပ်၌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ဥဿဖရား ရတနာစီခြယ်ထားသော ရွှေအုတ်မြစ် တော်ကို လည်းကောင်း၊ မြောက်အရပ်၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နီလာ ရတနာစီခြယ်ထားသော ရွှေအုတ်မြစ် တော်ကိုလည်းကောင်း၊ အရှေ့မြောက် ထောင့်အရပ်၌ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက သန္တာ ရတနာ စီခြယ်ထားသော ရွှေအုတ်မြစ် တော်ကို လည်းကောင်း လက်ယာရစ် အစီအစဉ်တကျ စီသွင်းလှူဒါန်းကြပြီး အင်္ဂတေများလောင်းထည့်၍ အမွှေး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြ သည်။

အလားတူ သာသနိက အဆောက် အအုံများဖြစ်သည့် စေတိယပါလ စံကျောင်းတော်၊ သံဃာရာမ ကျောင်း ဆောင် လေးဆောင်နှင့် သာသနာ့ မဟာဗိမာန်တော်တို့အတွက် ရတနာ အုတ်မြစ်တော်များကို သက်ဆိုင်ရာ သာသနိက အဆောက်အအုံ အလှူရှင် များက တစ်ပြိုင်တည်း စီသွင်းလှူဒါန်း ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း ပူဇော်ကြသည်။

ယင်းနောက် သံဃာတော်များ ဦးဆောင်၍ ပရိသတ်တို့က 'ဇယန္တော' အစချီသော ဇယမင်္ဂလာ အောင်ဂါထာ ကို ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူး ဦးသူရက အောင်ဆုမင်္ဂလာ အမျှဝေ စာတမ်းလွှာကိုဖတ်ကြားပြီး နတ်ဗြဟ္မာ များအား ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဦးဆောင်၍ အဖွဲ့ဝင်များ၊ အလှူရှင်များသည် ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော် အုတ်မြစ်တော်ဌာနအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအခမ်း အနားအောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုး ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်တော်စီသွင်း လှူဒါန်း ပြီးသော စေတိယပါလ စံကျောင်းတော်၊ သံဃာရာမကျောင်းဆောင် လေးဆောင် နှင့် သာသနာ့မဟာဗိမာန်တော် တည် ဆောက်မည့်နေရာများသို့ လှည့်လည် သွားရောက်၍ ရတနာအုတ်မြစ်တော် စီထားသည့် နေရာများကို အမွှေး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြ သည်။

ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော် ကို ၇၅ပေပတ်လည်ရှိ အဆောက်အအုံ အဖြစ်လည်းကောင်း၊ စေတိယပါလ စံကျောင်းတော်ကို ၁၁၇ပေXပေ ၅၀ရှိ အဆောက်အအုံအဖြစ် လည်းကောင်း၊ သံဃာရာမ ကျောင်းဆောင်များကို ၄၅၆ ပေ X ပေ ၉၀ ရှိ အဆောက်အအုံများ အဖြစ်လည်းကောင်း၊ သာသနာ့မဟာ ဗိမာန်တော်ကို ပေ ၄၃၀ X ပေ ၁၇၀ ရှိ အဆောက်အအုံအဖြစ်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိ ရသည်။ (သတင်းစဉ်)

ကြံခင်း ပရိယတ္တိစာသင်တိုက် တန်ဆောင်းတော် ရေစက်သွန်းချမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

လှိုင်မြို့နယ် (၅)ရပ်ကွက် ကြံခင်းကျောင်းပရိယတ္တိစာသင်တိုက်အတွင်း၌ မြို့နယ် ဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒက(ဓမ္မာစရိယ) ကြီးမှူးတည်ထောင်ခဲ့သည့် အောင်မြင်တော်မူ မြတ်စွာဘုရားဆင်းတုတော်၊ တန်ဆောင်းတော်၊ နှစ်ထပ်ကျောင်းဆောင်တော်တို့ကို တပေါင်းလဆန်း ၃ရက် ဖေဖော်ဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီ၌ ဆရာတော်ကြီး၏ တပည့် ပဓာန နာယက အရှင်ပဏ္ဍိစ္စနှင့် ဒါယကာ၊ ဒါယိကာမများက ရေစက်သွန်းချ လှူဒါန်းမည်ဖြစ်ကြောင်းနှင့် စာသင်သား သံဃာတော်များ သီတင်းသုံးရန် ဆောက်လုပ်လျက်ရှိသော သုံးထပ်ကျောင်းဆောင်ကြီးအတွက်လည်း အလှူရှင်များ ကို ဖိတ်ကြားထားရာ ဖုန်း-၅၃၅၈၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၆)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်း (၈)ကွက်" (အပိုင်း-၅)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော် သီမာသမူဟနန သိမ်နုတ်ကံဆောင်အောင်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

ငါးပါးသီလခံယူ

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်မည့် ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော် သီမာသမူဟနန သိမ်နုတ်ကံဆောင်အောင်ပွဲ မင်္ဂလာအခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ပရိသတ်များ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်မည့် ဥပ္ပါတသန္တိ ဝိသုံဂါမ ရွှေသိမ်တော် သီမာသမူဟနန သိမ်နုတ်ကံဆောင်အောင်ပွဲ မင်္ဂလာအခမ်းအနားကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၇ရက် နံနက် ၉နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပခုက္ကူဆရာတော် အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ရွတ်ပွားသရဇ္ဈာယ်

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပခုက္ကူဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဖတ်ကြား

ဆက်လက်၍ အခမ်းအနားမှူး သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသူရက ဇေယျမင်္ဂလာ အောင်သြဘာ စာတမ်းလွှာကို ဖတ်ကြားပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မင်္ဂလာအခမ်းအနား အောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ကျေးဇူးဆပ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

အင်းစိန်မြို့ စော်ဘွားကြီးကုန်း ရပ်ကွက် (၁၀)မိုင် ဗိုလ်တေဇလမ်း အောင်မင်္ဂလာ ဣဿသယ ရွာမကြီးကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော်ကြီး ဦးနာရဒ ငါးနှစ်ပြည့် အထိမ်းအမှတ် ကျေးဇူးဆပ်ပွဲကို (တပေါင်းလဆန်း ၃ရက်)ဖေဖော်ဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပပူဇော်မည်ဖြစ်ရာ ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိ စေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား အကြို အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် ဝတ်အသင်းအဖွဲ့ များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြစဉ်။(သတင်းစဉ်)

ဥပ္ပါတသန္တိ စေတီတော် ရတနာအုတ်မြစ်တော်စီ အခမ်းအနားအကြို အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဝတ်ရွတ်ပူဇော်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားအကြို အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက် ၇နာရီတွင် စေတီတော်တည်ထားမည့် ကုန်းတော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဗိုလ်ချုပ်တင်ထွန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ သာသနာ ရေးဝန်ကြီးဌာန ဝတ်အသင်းနှင့်အလှူရှင်များ တက် ရောက်ကြသည်။

အစီအစဉ်အရ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အခမ်းအနားမှူး ဦးသူရက ပဋ္ဌာန်း ရောင်ခြည်တော်ဖွင့် ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့က ပဋ္ဌာန်းကျမ်းစာအုပ်များနှင့် ပဋ္ဌာန်းအောင်အိုးများကို ဆရာတော် သံဃာတော်တို့ထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များ ဦးဆောင်၍ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ် ရွတ်ဆိုပူဇော်ကြပြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အလှည့်ကျ ပဋ္ဌာနဘာဏက သံဃာတော်က ပဋ္ဌာန်းဒေသနာ တော်ကို စတင်ရွတ်ဖတ် ပူဇော်သည်။

အသံမစဲ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက် ၇နာရီခွဲ တွင် အဆိုပါ မင်္ဂလာမဏ္ဍပ်၌ကျင်းပပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဥပ္ပါတသန္တိ စေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားအကြို အသံမစဲ မဟာ ပဋ္ဌာန်းသိမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးသည်။

အလားတူ ဥပ္ပါတသန္တိ စေတီတော် ရတနာ အုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား အကြို ဝတ်ရွတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ရက်မှ ၅ရက်အထိ အဆိုပါ စေတီတော်ရင်ပြင်ရှိ ဓမ္မပူဇာမဏ္ဍပ်၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ ပျဉ်းမနားတပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက် များမှ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံး စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

(1) Newsprint Paper (45.8 Gsm) (30")
(2) Woodfree Paper (70 Gsm)
$23\frac{1}{2}$" x 33" (A1 Sizes) (Sheet)
(3) Web Offset Ink (Black)
(4) Sheetfed Offset Ink (Black)
(5) Plates
(6) Cooting A+B Set
(7) P.S Negative Developer
(8) Developing Lacquer
(9) Ortho Film (Roll)(24" x 200')
(10) Ortho Film (Sheet) (22" x 32")
(11) Film Developer (10 Lit/ Bot)
(12) Film Fixer (5 Lit/Bot)
(13) A 3 Toner HP Laser Jet 5000 N
(14) Rubber Blanket (Roll)
28 m x 1075 mm x 1.95 mm
(15) Rubber Blanket With T-Bar
890 x 625 x 1.95 mm
(16) Stencil Paper (100 Sht/Box)
(17) Duplicating Ink Tube
(18) Gum Arabic
(19) Rubber Blanket (Sheet)
(20) Imagesetter Film, Developer, Fixer
(21) Dampening Roller Sheet
(22) Sponge

၂။ တင်ဒါပေးသွင်းမှုကို (၁၉-၂-၂၀၀၇) ရက် (၁၆း၃၀) နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန၊
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၇၆၈၅

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံး စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

(1) Newsprint Paper (48.8 Gsm)
$28\frac{1}{4}$" , 30", 40"
(2) Woodfree Paper (70/80 Gsm)
(30", 31"x 42", $23\frac{1}{2}$" x 33")
(3) Art Card (အထူ) (260/275 Gsm)
(31" x 43") (Sheet)
(4) Art Paper (အပါး) (105 /110 Gsm)
(31" x 43") (Sheet)
(5) Sheetfed Offset Ink
(Black, Green)
(6) Ortho Film 22" x 32" (50 sht/Pkt)
(7) Negative Plates
(a) 915 x 626 x 0.3 mm
(b) 1035 x 740 x 0.3 mm
(c) 889 x 609 x 0.3 mm
(d) Developer (ပုံဖော်ဆေး)
(8) Positive Plates
740 x 615 x 0.3 mm
(9) Stitching Wire
(23 Guage, 24 Guage)
(10) Gold Embossing Powder
(11) Silver Embossing Powder
(12) Gum Arabic (20 Lit/Bot)
(13) Riso Ink (Black)
(14) Riso Master Roll

၂။ တင်ဒါပေးသွင်းမှုကို (၁၉-၂-၂၀၀၇) ရက် (၁၆း၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန၊
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၇၆၈၅

မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်ရှိပြီး ဘာသာပေါင်းစုံ ချစ်ကြည်ရေးအား တန်ဖိုးထားလေးစား မည်သည့်ဘာသာရေးကိုးကွယ်မှုကိုမျှ ချုပ်ချယ်ခြင်း၊ ဟန့်တားကန့်ကွက် ပိတ်ပင်နှောင့်ယှက်ခြင်း အလျှင်းမရှိ ကိုးကွယ်ရာ ဘာသာအလိုက် နေ့ရက်များ၊ အခမ်းအနားများ၊ ပွဲတော်များကိုလည်း ကျင်းပခွင့်ပြုထား

ကမ္ဘာ့ခရစ်ယာန်များ စည်းလုံးညီညွတ်ရေးအဖွဲ့(CSW)၏ အစီရင်ခံစာပါ အချက်များသည် လုပ်ကြံဖုတ်ခတ် စွပ်စွဲမှုများသာဖြစ် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသည့် အင်အားကြီးနိုင်ငံ အချို့၏ ပယောဂဖြင့် နိုင်ငံရေးအမြတ်ထုတ် အသုံးချရန် လုပ်ဆောင်လာခြင်းဖြစ်၍ လုံးဝလက်မခံဘဲ ပယ်ချ ဘာသာရေးဟူသည် အလွန်သိမ်မွေ့နူးညံ့ပြီး မေတ္တာတရားကို အခြေခံထားသဖြင့် နိုင်ငံရေးအရောင်မဆိုးကြရန် တိုက်တွန်း

နေပြည်တော် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ မမှန်ကန်သော အကြောင်းပြ စွပ်စွဲချက်များကို မဟုတ်မမှန် လုပ်ကြံဖန်တီး ထုတ်လွှင့်လျက်ရှိသည်။

အမေရိကန်အစိုးရက ၎င်းတို့ နှစ်စဉ်ထုတ်ပြန်သည့် ဘာသာရေးလွတ်လပ်ခွင့်မရှိသော နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံကို အမြဲထည့်သွင်းပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက်ရှိသကဲ့သို့ ၎င်း၏ လက်ဝေခံအဖွဲ့အစည်းများ၊ လက်ပါးစေ ပုဆိန်ရိုးများကိုလည်း မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဘာသာရေးဆိုင်ရာ သတင်းအချက်အလက် အမှားများကို လုပ်ကြံဖန်တီး ပေးပို့ထုတ်လွှင့်စေလျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက်ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide-CSW) ကလည်း ၂၃-၁-၂၀၀၇ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဘာသာဟူသမျှကို လွတ်လပ်စွာ အတူတကွ ယှဉ်တွဲကိုးကွယ်နိုင်သည့် ကောင်းကျိုးတရားများ ထွန်းကားပြန့်ပွားအောင် ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြသော မြန်မာနိုင်ငံအတွင်းရှိ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များက အဆိုပါ CSW အဖွဲ့၏အစီရင်ခံစာနှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ကြေညာခဲ့ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

☆ ပြည်ထောင်စု၏ ထူးခြားသော ဝိသေသဂုဏ်ရည် ထာဝစဉ်မြတ်နိုး တန်ဖိုးထားထိန်းသိမ်း
(ခေါင်းကြီး) စာမျက်နှာ-၂

☆ ရတနာစည်ဆရာတော်(လှိုင်လင်)၏ **"ပင်လုံစိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ်"**
(ဆောင်းပါး) စာမျက်နှာ-၆၊ ၇

☆ ဇော်မင်းမင်းဦး၏ **"ပြည်ထောင်စု ပုံရိပ်များ"** (ကဗျာ) စာမျက်နှာ-၇

☆ ကောင်းထက်၏ **"စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်"**
(ကာတွန်း) စာမျက်နှာ-၇

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး